# Information Sheet



VOLUME I, ISSUE 56 15 June 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြား | ၃ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေမြို့ရှိ ပြည်နယ်အဆင့် အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြား | ၅ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကျောက်ဖြူမြို့ရှိ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးလျှပ်စစ်ဓာတ်အားပေး စီမံကိန်းသို့ သွားရောက်လေ့လာကြည့်ရှု | ၇ |
| ၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရခိုင်ပြည်နယ်အတွင်းရှိ တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား | ၉ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး | ၁၄ |
| ၇ | ငြိမ်းချမ်းရေးဆွေးနွေးမှုနှင့်ပတ်သက်၍ အသိပေးထုတ်ပြန် | ၁၅ |
| ၈ | သတင်းပေးသူများကို ထိုက်တန်စွာချီးမြှင့်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း | ၁၇ |
| ၉ | ဒေသတွင်းနှင့် နိုင်ငံတကာစာမျက်နှာများတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆွေးနွေး | ၁၈ |
| ၁၀ | ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့၏ ပဉ္စမအကြိမ် အစည်းအဝေးကျင်းပ | ၁၈ |
| ၁၁ | ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ (၃၄) ကြိမ်မြောက် အရှေ့အာရှနှင့် ပစိဖိတ်ကော်မရှင်နှင့် တောင်အာရှကော်မရှင်ပူးတွဲအစည်းအဝေးကျင်းပ | ၁၉ |
| ၁၂ | ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ် | ၂၁ |
| ၁၃ | PDF အကြမ်းဖက်သမားများက ပညာရေးကဏ္ဍမြှင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး | ၂၃ |
| ၁၄ | မြို့နယ်အချို့၌ အကြမ်းဖက်သမားများက ခရီးသည်တင်ယာဉ်များအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း၊ ကုန်တင်ယာဉ်နှင့် ယာဉ်ပေါ်ပါ ကုန်ပစ္စည်းများအား လုယက်ယူဆောင်ခြင်းများပြုလုပ် | ၂၆ |
| ၁၅ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ | ၂၇ |
| ၁၆ | ၂၀၂၂ ခုနှစ်၊ မေလအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှုများ | ၂၇ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ဇွန်လ ၁၃ ရက်တွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ပါသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က–

- နိုင်ငံတော်တွင် ခေတ်အဆက်ဆက် ပြောင်းလဲကျင့်သုံးဆောင်ရွက်ခဲ့သည့် အုပ်ချုပ်မှုပုံစံများနှင့် အားသာချက်၊ အားနည်းချက်များ၊ ပြည်သူလူထုလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ ကြိုးပမ်းဆောင်ရွက်ခဲ့မှုအခြေအနေများ။
- ယခုငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် တိုင်းပြည်၏ ပကတိအနေအထားနှင့်ကိုက်ညီပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တောင်းဆိုချက်များ၊ အမှန်တကယ် ဖြစ်နိုင်ဖွယ်ရှိသည်များ စသည်တို့ကို အသေးစိတ် အကြေအလည်ဆွေးနွေးအဖြေရှာ ဆောင်ရွက်သွားမည့်အခြေအနေများ။
- ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ရောက်ရှိလာခြင်းမရှိသေးသည့် NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ ရေးထိုးရခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တိုင်းပြည်အကျိုး၊ ဒေသအကျိုးကို မြင်အောင်ကြည့်စေလိုပြီး လာရောက်ဆွေးနွေးလိုသည့် စိတ်ဆန္ဒရှိပါက ယခင်ဖိတ်ခေါ်ကမ်းလှမ်းချက်များအတိုင်း ထပ်မံဖိတ်ခေါ်သည့်အခြေအနေများ။
- ပြည်သူလူထုဆန္ဒနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများရှိမည်ဖြစ်သော်လည်း ငြိမ်းချမ်းသည့် နည်းလမ်းဖြင့်သာ ဖြေရှင်းဆောင်ရွက်ရန်လိုသည့်အခြေအနေများ။
- တိုင်းပြည်အကျိုးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး ငြိမ်းချမ်းသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး အားလုံးပါဝင်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ပါသည်။





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တို့ အမှတ်တရလက်ဆောင် အပြန်အလှန်ပေးအပ်နေမှု**

ထို့နောက် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ယခုကဲ့သို့ တိုင်းပြည်နှင့်ပြည်သူတို့အတွက် ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့သည်ကို ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP မှ ထောက်ခံကြိုဆိုသည့်အခြေအနေများ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆက်လက်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးနှင့်ပတ်သက်၍ သဘောထားတူညီချက်အမြင်များကို ပြန်လည်ဆွေးနွေး၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြခဲ့ပြီးနောက် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြပြီး ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌနှင့်အတူ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ခိုင်စိုးမြနှင့် ခိုင်ပေါ်လင်းတို့ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၄-၆-၂၀၂၂)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် တိုင်းပြည်၏ ပကတိအနေအထားနှင့်ကိုက်ညီပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တောင်းဆိုချက်များ၊ အမှန်တကယ် ဖြစ်နိုင်ဖွယ်ရှိသည်များ စသည်တို့ကို အသေးစိတ် အကြေအလည် ဆွေးနွေးအဖြေရှာ ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့။**
- **ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆက်လက်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးနှင့်ပတ်သက်၍ သဘောထားတူညီချက်အမြင်များကို ပြန်လည်ဆွေးနွေးခဲ့။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးမှာကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇွန်လ ၁၄ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ ရောက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ပါသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက သီးနှံမျိုးများဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အပင်အာဟာရပြည့်ဝစွာရရှိရေး ဇီဝမြေဩဇာများ၊ ဓာတ်မြေဩဇာများ အသုံးပြု၍ စမ်းသပ်စိုက်ပျိုးခြင်းနှင့် မြေဆီလွှာထိန်းသိမ်းခြင်းဆိုင်ရာ သုတေသနပြုဆောင်ရွက်နေမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဒီပလိုမာသင်တန်းများ ဖွင့်လှစ်သင်ကြားနေသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြပါသည်။

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- သုတေသနလုပ်ငန်း (Research and Development) သည် နိုင်ငံတစ်ခုအတွက် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး စိုက်ပျိုးရေးထုတ်ကုန်များ အထွက်နှုန်းကောင်းမွန်ရန်နှင့် အရည်အသွေးကောင်းမွန်ရန် လိုအပ်သောကြောင့် သုတေသနလုပ်ငန်းများဖြင့် မျိုးကောင်းမျိုးသန့်များရရှိအောင် ဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း။
- စိုက်ပျိုးရေးနှင့်မွေးမြူရေးသည် ဒွန်တွဲလျက်ရှိပြီး အပြန်အလှန် အကျိုးပြုလျက်ရှိကြောင်း၊ စိုက်ပျိုးရေးမှထွက်ရှိသည့် ထွက်ကုန်များသည် တိရစ္ဆာန်အစားအစာများ ပြုလုပ်၍ရသကဲ့သို့ မွေးမြူရေးတိရစ္ဆာန်များမှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို ဇီဝမြေဩဇာအဖြစ် အသုံးချ၍ရကြောင်း၊ မြေဩဇာများထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။
- မြန်မာနိုင်ငံတွင် စိုက်ဧက ၃၃ သန်းရှိပြီး စပါးစိုက်ပျိုးမှုအနေဖြင့် မိုးစပါးစိုက်ဧက ၁၄ သန်းကျော်နှင့် နွေစပါးစိုက်ဧက ၃ သန်းခန့်ရှိကြောင်း၊ အဆိုပါမြေများပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်းများကို သီးထပ်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည်ဆိုပါက စပါးထွက်ရှိမှုများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။
- မွေးမြူရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါးတို့ကို အဓိကစားသုံးကြပြီး အခြေခံကျသည့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မွေးမြူရေးပညာရှင်များနှင့် မွေးမြူရန်လိုကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ချိန်တွင် စိုက်ပျိုးမွေးမြူရေးပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများ၊ ကောလိပ်နှင့်တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း။
- စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သည့် ပညာရှင်များမွေးထုတ်ပေးနိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ လုံလောက်စွာ ရရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးသုတေသနဦးစီးဌာနပြခန်းများအား လှည့်လည်ကြည့်ရှုနေမှု**

ခရိုင်များတိုးချဲ့ ဖွဲ့စည်းလျက်ရှိပြီး ခရိုင်များအလိုက် နည်းပညာဆိုင်ရာ သင်တန်းကျောင်းများ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

- စိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံအတွက် အရေးကြီးသည့် အသက်မွေးဝမ်းကြောင်းတစ်ခုဖြစ်သဖြင့် နိုင်ငံအတွက် အကျိုးရှိသည့် သုတေသနလုပ်ငန်းများကို စနစ်တကျဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း မှာကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာနပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးသုတေသနဦးစီးဌာနဝန်ထမ်းများကို သုတေသနအောင်မြင်မှုများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၆-၂၀၂၂)**

- **စိုက်ပျိုးရေးနှင့်မွေးမြူရေးသည် ဒွန်တွဲလျက်ရှိပြီး အပြန်အလှန် အကျိုးပြုလျက်ရှိ၊ စိုက်ပျိုးရေးမှထွက်ရှိသည့် ထွက်ကုန်များသည် တိရစ္ဆာန်အစားအစာများ ပြုလုပ်၍ ရသကဲ့သို့ မွေးမြူရေးတိရစ္ဆာန်များမှ ထွက်ရှိသည့်စွန့်ပစ်ပစ္စည်းများကို ဇီဝမြေဩဇာအဖြစ် အသုံးချ၍ရ၊ မြေဩဇာများထုတ်လုပ်နိုင်ရေးသုတေသနလုပ်ငန်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလို။**
- **မိမိအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ချိန်တွင် စိုက်ပျိုးမွေးမြူရေးပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများ၊ ကောလိပ်နှင့် တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ။**
- **စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သည့် ပညာရှင်များမွေးထုတ်ပေးနိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ လုံလောက်စွာ ရရှိမည်ဖြစ်၊ မိမိတို့အနေဖြင့် ခရိုင်များတိုးချဲ့ဖွဲ့စည်းလျက်ရှိပြီး ခရိုင်များအလိုက် နည်းပညာဆိုင်ရာသင်တန်းကျောင်းများ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်။**
- **စိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံအတွက် အရေးကြီးသည့် အသက်မွေးဝမ်းကြောင်းတစ်ခုဖြစ်သဖြင့် နိုင်ငံအတွက်အကျိုးရှိသည့် သုတေသနလုပ်ငန်းများကို စနစ်တကျဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလို။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေမြို့ရှိ ပြည်နယ်အဆင့် အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဇွန်လ ၁၃ ရက်တွင် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရုံးအစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့် အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) က အမှာစကားပြောကြားရာတွင်-

- ရခိုင်ပြည်နယ်သည် စတုရန်းမိုင် ၁၄,၈၀၀ ကျော်ရှိပြီး ကမ်းရိုးတန်းဒေသဖြစ်၍ ကျွန်း ပေါင်း ၁၄၄ ကျွန်းတွင် လူနေထိုင်သည့်ကျွန်း ၉၄ ကျွန်းရှိကြောင်း။
- ရေလုပ်ငန်းသည် ပြည်နယ်၏ အားသာချက်တစ်ခုအဖြစ် ဒေသခံပြည်သူအများစု လုပ်ကိုင်သောလုပ်ငန်းဖြစ်ပြီး မိရိုးဖလာသမားရိုးကျ လုပ်ကိုင်မှုအစား သိပ္ပံနည်းကျအဆင့်မြင့်တင်၍ ကျွမ်းကျင်သော အတတ်ပညာရှင်များ၏ အကူအညီရယူ၍ စီးပွားဖြစ် တွင်တွင်ကျယ်ကျယ် ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးအခွင့်အလမ်းများ လျင်မြန်စွာ ကောင်းမွန်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရခဲ့ပြီး ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။
- ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးကန့်သတ်ချက်များ အဆင့်လိုက်ဖြေလျှော့ထားပြီးဖြစ်၍ မြောက်ဦးရှေးမြို့ဟောင်းနှင့် ငပလီနှင့် ကမ်းရိုးတန်းတစ်လျှောက် အပန်းဖြေကမ်းခြေများကို ခရီးသွားများ စိတ်ဝင်စားမှုရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း။
- စိုက်ပျိုးရေးနှင့်ပတ်သက်၍ မိုးစပါးတစ်ကေလျှင် တင်း ၁၀၀၊ နွေစပါးတင်း ၁၂၀ စသဖြင့် သတ်မှတ်ပေးထားရာ မြေပြင်အမှန်ထွက်ရှိသည့် သီးနှံအထွက်များကို ပန်းတိုင်အထွက်နှုန်းနှင့် နှိုင်းယှဉ်သုံးသပ်၍ ပြည့်မှီအောင်ထွက်ရှိရေး ဆောင်ရွက်ရန်လိုကြောင်းနှင့် ကျောက်တော်တွင် ဖွင့်လှစ်ထားသည့် စိုက်ပျိုးရေးသိပ္ပံကျောင်းကိုလည်း ဒေသစိုက်ပျိုးရေးအတွက် အားကိုးအားထားပြုရသည့် ပညာရှင်များမွေးထုတ်နိုင်ရေး လုပ်ဆောင်ကြရန်လိုကြောင်း။
- သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်သည် ကမ်းရိုးတန်းဒေသဖြစ်၍ သဘာဝဘေးအန္တရာယ်ဖြစ်သော မုန်တိုင်းတိုက်ခတ်မှုကို ကြုံတွေ့ရတတ်သည့် ပြည်နယ်တစ်ခုဖြစ်သဖြင့် မုန်တိုင်းနှင့်ပတ်သက်၍ သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိအောင် လုပ်၍ ကာကွယ်မှုများလုပ်ဆောင်ရန်လိုကြောင်း။
- အားကစားကဏ္ဍနှင့်ပတ်သက်၍ ပြည်နယ်အတွင်း ထူးချွန်သူများ ထပ်မံပေါ်ထွက်လာစေရန် လေ့ကျင့်မွေးမြူသွားရန်လိုအပ်ပြီး လေ့ကျင့်ရာတွင် ပြည်နယ်စံချိန်၊ နိုင်ငံတော်စံချိန်နှင့် အရှေ့တောင်အာရှအဆင့်မှသည် ကမ္ဘာ့စံချိန်အထိ ရည်မှန်း၍ စံချိန်ချိုးနိုင်မည့် အနေအထားတစ်ခုထိရောက်ရှိရေး ကြိုးစားလေ့ကျင့်ရန်လိုကြောင်း၊ အား



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)အား ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ဒေသဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြနေမှု**

ကစားသည် နိုင်ငံတော်အတွက် ဂုဏ်တစ်ရပ်ဖြစ်၍ အားကစားကဏ္ဍကို မြှင့်တင်ရန်လိုကြောင်း။

- ငြိမ်းချမ်းရေးကဏ္ဍနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်အတွင်းမှ ALP အဖွဲ့သည် နေပြည်တော်သို့ သွားရောက်၍ နိုင်ငံတော်အကြီးအကဲနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအကောင်အထည်ဖော် လုပ်ငန်းညှိနှိုင်းရေးအဖွဲ့နှင့် ဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း။
- ကျန်ရှိသော EAO များကိုလည်း ဆက်လက်လက်ခံ တွေ့ဆုံဆွေးနွေးခြင်းမှတဆင့် ထာဝရငြိမ်းချမ်းရေးဆီသို့ ဦးတည်ဆောင်ရွက်လျက်ရှိတာကိုလည်း သိရှိကြစေလိုကြောင်း။
- ပြည်နယ်အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာန အကြီးအကဲများမှ အောက်ခြေအထိ အဂတိတရားကင်းစွာဖြင့် မှန်မှန်ကန်ကန်ဆောင်ရွက်ရမည့်အပြင် မိသားစုစိတ်ဖြင့် ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးမှစ၍ ပံ့ပိုးစောင့်ရှောက်ပေးရန် လိုအပ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ပြည်နယ်၏ တိုးတက်ရာတိုးတက်ကြောင်းအတွက် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်နယ်၏ ယုံကြည်ကိုးစားမှုရရှိအောင် ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားခဲ့။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စစ်တွေမြို့ရှိ ပြည်နယ်အဆင့်အစိုးရအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၄-၆-၂၀၂၂)**

- **ရေလုပ်ငန်းကို မိရိုးဖလာသမားရိုးကျ လုပ်ကိုင်မှုအစား သိပ္ပံနည်းကျ အဆင့်မြှင့်တင်၍ ကျွမ်းကျင်သော အတတ်ပညာရှင်များ၏ အကူအညီရယူ၍ စီးပွားဖြစ် တွင်တွင်ကျယ်ကျယ် ဆောင်ရွက်ခြင်းဖြင့် စီးပွားရေးအခွင့်အလမ်းများ လျင်မြန်စွာ ကောင်းမွန်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိပြီး ဒေသဖွံ့ဖြိုးရေးကိုများစွာ အထောက်အကူပြုနိုင်မည်ဖြစ်။**
- **ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးကန့်သတ်ချက်များ အဆင့်လိုက် ဖြေလျှော့ ထားပြီးဖြစ်၍ မြောက်ဦးရှေးမြို့ဟောင်းနှင့် ငပလီနှင့် ကမ်းရိုးတန်းတစ်လျှောက် အပန်းဖြေကမ်းခြေများကို ခရီးသွားများ စိတ်ဝင်စားမှုရှိစေရေး ဆောင်ရွက်သွားရန်လို။**
- **သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်သည် ကမ်းရိုးတန်းဒေသဖြစ်၍ သဘာဝဘေးအန္တရာယ်ဖြစ်သော မုန်တိုင်းတိုက်ခတ်မှုကို ကြုံတွေ့ရတတ်သည့် ပြည်နယ်တစ်ခုဖြစ်သဖြင့် မုန်တိုင်းနှင့်ပတ်သက်၍ သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီ သိရှိအောင်လုပ်၍ ကာကွယ်မှုများလုပ်ဆောင်ရန်လို။**

- ရခိုင်ပြည်နယ်အတွင်းမှ ALP အဖွဲ့သည် နေပြည်တော်သို့ သွားရောက်၍ နိုင်ငံတော်အကြီးအကဲနှင့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအကောင် အထည်ဖော်လုပ်ငန်းညှိနှိုင်းရေးအဖွဲ့နှင့် ဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်။
- ကျန်ရှိသော EAO များကိုလည်း ဆက်လက်လက်ခံ တွေ့ဆုံဆွေးနွေးခြင်းမှတဆင့် ထာဝရငြိမ်းချမ်းရေးဆီသို့ ဦးတည် ဆောင်ရွက်လျက်ရှိတာကိုလည်း သိရှိကြစေလို။
- ပြည်နယ်အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနအကြီးအကဲများမှ အောက်ခြေအထိ အဂတိတရားကင်းစွာဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်ရမည့်အပြင် မိသားစုစိတ်ဖြင့် ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးမှစ၍ ပံ့ပိုး စောင့်ရှောက်ပေးရန်လိုအပ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကျောက်ဖြူမြို့ရှိ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစီမံကိန်းသို့ သွားရောက်လေ့လာကြည့်ရှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကောင်စီအဖွဲ့ဝင်များနှင့် တပ်မတော်အရာရှိကြီးများလိုက်ပါ၍ ဇွန်လ ၁၄ ရက်တွင် တည်ဆောက်ဆဲ ကျောက်ဖြူမြို့ရှိ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစီမံကိန်းသို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့အား စက်ရုံစီမံကိန်း အစည်းအဝေးခန်းမ၌ စီမံကိန်းတာဝန်ခံက စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက-

- စက်ရုံလုပ်ငန်း စတင်လည်ပတ်ပါက ၁၃၅ MW ဓာတ်အား ထွက်ရှိမည်ဖြစ်ပြီး ၁ ယူနစ်လျှင် ၈.၅၉ ဆင့် နှုန်းဖြင့်ဖြန့်ချိနိုင်မည်ဖြစ်၍ ဒေသအတွက် များစွာအကျိုးရှိနိုင်မည့် အခြေအနေများ။
- စက်ရုံစီမံကိန်း အကောင်အထည်ဖော်မှုနှင့် စက်ရုံလည်ပတ်ချိန်တွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး ဆောင်ရွက်ရန် အခြေအနေများ။
- စက်ရုံပတ်ဝန်းကျင် ဒေသခံပြည်သူများအတွက် ကျန်းမာရေး၊ ပညာရေးနှင့် ပတ်သက်သော Corporate Social Responsibility (CSR) လုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများ။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေး စီမံကိန်းတာဝန်ခံနှင့် ဒုတိယမန်နေဂျာတို့က စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြနေမှု**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌက လျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်းလေ့လာကြည့်ရှုနေမှု**




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက ကျောက်ဖြူ ပညာရေးဒီဂရီကောလိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးနေမှု**

- စီမံကိန်းဆောင်ရွက်မှုကို သတ်မှတ်စံချိန်စံနှုန်းများ ပြည့်မီစွာဖြင့် ရည်မှန်းကာလပြီးစီးရေး ဆောင်ရွက်ရန် အခြေအနေများ။
- စီမံကိန်းအကောင်အထည်ဖော်မှု သတ်မှတ်ကာလအတွင်း စက်ပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ လေ့လာလိုသည့်ပညာရှင်များရှိပါက လာရောက်လေ့လာနိုင်မည့် အခြေအနေများကို ပြန်လည်ဆွေးနွေးပြောကြားခဲ့ပါသည်။

အဆိုပါ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစီမံကိန်းစက်ရုံ၌ ဂျာမနီနိုင်ငံမှ ထုတ်လုပ်သော မြန်မာနိုင်ငံတွင် ပထမဦးဆုံးအသုံးပြုမည့် စွမ်းအားအမြင့်ဆုံးနှင့် သဘာဝဓာတ်ငွေ့သုံးစွဲမှုအသက်သာဆုံး SGT-800 Gas Turbine အနည်းငယ်ဖြင့် လည်ပတ်နိုင်ရေးဆောင်ရွက်လျက်ရှိပြီး စက်ရုံလည်ပတ်စဉ် ကာလ ၂၅ နှစ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးလုပ်ငန်း(EPGE)မှ အင်ဂျင်နီယာများအား စက်ရုံတွင်ခေါ်ယူတာဝန်ပေး၍ စက်ရုံလည်ပတ်မှု ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ နည်းပညာများအား လွှဲပြောင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့များသည် ကျောက်ဖြူမြို့၊ ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ ကျောက်ဖြူပညာရေးဒီဂရီကောလိပ်သို့လည်းကောင်း သွားရောက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၆-၂၀၂၂)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌက ကျောက်ဖြူမြို့ ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံနေမှု

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့များသည် ကျောက်ဖြူမြို့ရှိ သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစီမံကိန်း၊ ပြည်သူ့ဆေးရုံနှင့် ပညာရေးဒီဂရီကောလိပ်များသို့ သွားရောက်လေ့လာကြည့်ရှုခဲ့။**
- **သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး လျှပ်စစ်ဓာတ်အားပေးစီမံကိန်းစက်ရုံ၌ ဂျာမနီနိုင်ငံမှ ထုတ်လုပ်သော မြန်မာနိုင်ငံတွင် ပထမဦးဆုံးအသုံးပြုမည့်စွမ်းအား အမြင့်ဆုံးနှင့် သဘာဝဓာတ်ငွေ့သုံးစွဲမှု အသက်သာဆုံး SGT-800 Gas Turbine အနည်းငယ်ဖြင့် လည်ပတ်နိုင်ရေးဆောင်ရွက်လျက်ရှိ။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရခိုင်ပြည်နယ်အတွင်းရှိ တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဇွန်လ ၁၃ ရက်တွင် စစ်တွေနှင့် ဘူးသီတောင်တပ်နယ်များသို့လည်းကောင်း၊ ဇွန်လ ၁၄ ရက်တွင် ကျောက်ဖြူတပ်နယ်၊ အမ်းတပ်နယ်နှင့် ဧည့်ဝတီတပ်နယ်များသို့ လည်းကောင်းသွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား သက်ဆိုင်ရာတပ်နယ်ခန်းမများနှင့် ရိပ်သာတို့တွင် သီးခြားစီတွေ့ဆုံ၍ အမှာစကားပြောကြားခဲ့ရာ-

- နိုင်ငံတော်၏အနောက်ဘက်ကမ်းရိုးတန်းနှင့် ရေပြင်ပိုင်နက်ကို လုံခြုံအောင် ကာကွယ်စောင့်ရှောက်ရန် တာဝန်ထမ်းဆောင်နေသူများဖြစ်၍ တာဝန်ကြီးလေးမှုအပေါ် အလေးထားဆောင်ရွက်ရန်လိုကြောင်း။
- ကမ်းရိုးတန်းနှင့် ရေပြင်ပိုင်နက်တစ်ခုလုံးကို လွှမ်းခြုံကာကွယ်နိုင်ရန်ရှိသော နိုင်ငံတော်ဘတ်ဂျတ်အတွင်းမှ တပ်မတော်(ရေ)ကို တစ်ဆင့်ချင်းအဆင့်မြှင့်တင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။
- ရခိုင်ပြည်နယ်တွင် တိုင်းရင်းသားပြည်သူများအနေဖြင့် လက်နက်ကိုင်ပဋိပက္ခ၏ ဆိုးကျိုးကို ခံစားခဲ့ရပြီးဖြစ်၍ လက်ရှိတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း။
- ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲအနေဖြင့် ဖိတ်ကြားမှုအပေါ် တက်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်များနှင့် ကိုယ်တိုင်တွေ့ဆုံကာ ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားနေမှု**

ထောင်စုစနစ်တည်ဆောက်ရေးစသည့် အခြေခံ (၂)ချက်ဖြင့် ဦးတည်ဆွေးနွေးခဲ့ကြောင်း။

- ဖက်ဒရယ်ဆိုင်ရာအာဏာ ခွဲဝေကျင့်သုံးမှုနှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဥပဒေပုဒ်မများ အနက်မှ ပြင်ဆင်သင့်ပြင်ဆင်ထိုက်သော အချက်များ၊ ဇယား (၁/၂/၃/၅)ပါ အချက်များကိုလည်း ဆက်လက်ဆွေးနွေးသွားရန်ရှိကြောင်း။
- နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကောင်းမွန်တိုးတက်ရန်မှာ ငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်သည်ဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးကို ဖိတ်ခေါ်ထားပြီး ငြိမ်းချမ်းရေးတံခါးကို ဖွင့်လှစ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဖိတ်ခေါ်ထားပါကြောင်း။
- လုံခြုံရေးနှင့်ပတ်သက်၍ တပ်မတော်သားများဖြစ်ကြ၍ ၂၄ နာရီ တာဝန်ရှိသူများဖြစ်သဖြင့် ပေးအပ်ထားသော နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို လုံခြုံရေးသည် ပထမ၊ လုံခြုံရေးသည် ဒုတိယ၊ လုံခြုံရေးသည် တတိယဟူသော အသိစိတ်ဖြင့် သတိရှိရှိ တာဝန်ထမ်းဆောင်ရန်လိုကြောင်း။
- ပညာရေးကဏ္ဍနှင့်ပတ်သက်၍ အကြောင်းအမျိုးမျိုးကြောင့် ပြင်ပတွင် စာမသင်ကြားခဲ့ရသော တပ်မတော်သားအချို့ကို ပထမအဆင့် ရေး/ဖတ်၊ ဒုတိယအဆင့် မူလတန်း၊ တတိယအဆင့် အလယ်တန်းအတန်းများ သင်ကြားတတ်မြောက်ရေးအတွက် နှစ်ကာလအလိုက် သတ်မှတ်သင်ကြားပေးခဲ့ကြောင်း။
- အတန်းပညာတတ်မြောက်မှသာ တပ်ဆင်ပေးထားသည့် ခေတ်မီလက်နက်ကိရိယာများ၏ စွမ်းပကားကို ကောင်းစွာ အသုံးချနိုင်မည်ဖြစ်ကြောင်း။
- မိသားစုဝင်များ၏ ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ်ထားသည့် မဖြစ်မနေ KG+9 အဆင့်အောင်မြင်ရန် မိဘများ၏ကြပ်မတ်မှု၊ တာဝန်ရှိသူများ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း။
- ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ နယ်မြေအတွင်း ဆေးတပ်ရင်း၊ ဆေးရုံတို့ဖြင့် ဖွဲ့စည်းပေးထား၍ ပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။
- လေ့ကျင့်သင်ကြားပေးနေမှုများနှင့်ပတ်သက်၍ တပ်မတော်သားများကို နိုင်ငံတကာနှင့် ရင်ဘောင်တန်းယှဉ်ပြိုင်နိုင်ရန် စစ်ပညာအပြင် လိုအပ်သော အသိပညာအတတ်ပညာများကို သင်ကြားပေးလျက်ရှိကြောင်း။
- တာဝန်ရှိသူများအနေဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စားဝတ်နေရေး၊ သွားလာရေး၊ ပညာရေး၊ ကျန်းမာရေးစသည်တို့အဆင်ပြေစေရန် စီမံခန့်ခွဲပေးပြီး တပ်အပေါ် မိသားစုစိတ်ဖြင့် သံယောဇဉ်တရား ဖြစ်ပေါ်လာအောင် တည်ဆောက်သွားရန် လိုကြောင်းဖြင့် မှာကြားခဲ့ပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူတို့က လက်ခံရယူခဲ့ကြပါသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဘူးသီး



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျောက်ဖြူတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားနေမှု**

တောင်တပ်နယ်၊ နယ်မြေခံတပ်ရှိ အခြေခံပညာမူလတန်းကျောင်းသို့သွားရောက်၍ ကလေးငယ်များအား စာပေသင်ကြားပေးနေမှုများ၊ ဧည့ဝတီရေတပ်စခန်းဌာနချုပ်ရှိ Aquaponic System ဖြင့် ငါးများ မွေးမြူထားရှိမှုများ၊ ဥစားကြက်၊ အသားတိုးကြက်၊ DYL ဝက်မွေးမြူထားရှိမှု၊ ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည့်အပြင် ကျောက်တော်တပ်နယ် နယ်မြေခံတပ်ရင်းရှိ မိသားစုအိမ်ထောင်သည်လိုင်းခန်းများသို့လည်း သွားရောက်၍ ရဲမေ၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၆-၂၀၂၂)**

- **ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲအနေဖြင့် ဖိတ်ကြားမှုအပေါ် တက်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်များနှင့် ကိုယ်တိုင်တွေ့ဆုံကာ ပြည်သူတစ်ရပ်လုံးက လိုလားတောင့်တခဲ့သည့် ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးစသည့် အခြေခံ(၂)ချက်ဖြင့် ဦးတည်ဆွေးနွေးခဲ့။**
- **ဖက်ဒရယ်ဆိုင်ရာအာဏာ ခွဲဝေကျင့်သုံးမှုနှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ဥပဒေပုဒ်မများအနက်မှ ပြင်ဆင်သင့်ပြင်ဆင်ထိုက်သော အချက်များ၊ ဇယား(၁/၂/၃/၅)ပါ အချက်များကိုလည်း ဆက်လက်ဆွေးနွေးသွားရန်ရှိ။**
- **နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကောင်းမွန်တိုးတက်ရန်မှာ ငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်သည်ဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးကို ဖိတ်ခေါ်ထားပြီး ငြိမ်းချမ်းရေးတံခါးကို ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်၊ ဆက်လက်၍လည်း ဖိတ်ခေါ်ထား။**
- **မိသားစုဝင်များ၏ ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်မှသတ်မှတ်ထားသည့် မဖြစ်မနေ KG+9 အဆင့်အောင်မြင်ရန် မိဘများ၏ကြပ်မတ်မှု၊ တာဝန်ရှိသူများ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ကြရန်လို။**
- **လေ့ကျင့်သင်ကြားပေးနေမှုများနှင့်ပတ်သက်၍ တပ်မတော်သားများကို နိုင်ငံတကာနှင့် ရင်ဘောင်တန်းယှဉ်ပြိုင်နိုင်ရန် စစ်ပညာအပြင် လိုအပ်သော အသိပညာ အတတ်ပညာများကို သင်ကြားပေးလျက်ရှိ။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရခိုင်ပြည်နယ်အတွင်းရှိ တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည် မိသားစုဝင်များအားတွေ့ဆုံခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားနေမှု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ထောက်ပံ့ပစ္စည်းများပေးအပ်နေမှု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သတင်းပို့တင်ပြနေမှု

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ရခိုင်ပြည်နယ်အတွင်းရှိ တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည် မိသားစုဝင်များအားတွေ့ဆုံခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



ကျောက်တော်တပ်နယ်မှ တပ်တွင်းမူလတန်းကျောင်းသို့ သွားရောက်၍ ကလေးငယ်များ စာပေသင်ကြားနေမှုများအား ကြည့်ရှုနေမှု



ကျောက်တော်တပ်နယ်မှ မိသားစုအိမ်ထောင်သည်လိုင်းများသို့ သွားရောက်၍ လိုင်းခန်းများအား လိုက်လံစစ်ဆေးနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်အသီးသီးမှ မိသားစုအိမ်ထောင်သည်လိုင်းများသို့ သွားရောက်၍ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်နေမှု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဓညဝတီရေတပ်စခန်းဌာနချုပ်မှ မွေးမြူရေးလုပ်ငန်းများအား လိုက်လံကြည့်ရှုစစ်ဆေးနေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက စစ်တွေမြို့ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသည့် မိသားစုဝင်တစ်ဦးအား အားပေးစကားပြောကြားနေမှု**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် တပ်မတော်အရာရှိကြီးများလိုက်ပါ၍ ဇွန်လ ၁၄ ရက်တွင် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံသို့ သွားရောက်ကြည့်ရှုပြီး ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ကြည့်ရှုအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ လောကနန္ဒာစေတီတော်မြတ်ကြီးနှင့် စကြာမုနိသွန်းစက်တော်ဘုရားသို့ သွားရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီးထွန်းညှိပူဇော်ပြီး လှည့်လည်ဖူးမြော်ကာ အလှူငွေများ ပေးအပ်လှူဒါန်းကြပြီးနောက် စစ်တွေမြို့ ကမ်းနားလမ်းတစ်လျှောက်နှင့် မြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၅-၆-၂၀၂၂)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး၍ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့။**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသည့် စစ်သည်များအား အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်နေမှု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက စစ်တွေမြို့ရှိ လောကနန္ဒာစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကာ စေတီတော်မြတ်ကြီးအတွက် အလှူငွေများပေးအပ်လှူဒါန်းနေမှု

## ငြိမ်းချမ်းရေးဆွေးနွေးမှုနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်

ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ရောက်ရှိလာခြင်းမရှိသေးသည့် NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ ရေးထိုးရခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တိုင်းပြည်အကျိုး၊ ဒေသအကျိုးကို မြင်အောင်ကြည့်စေလိုပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်နိုင်ရန် ထပ်မံဖိတ်ခေါ်အပ်ကြောင်း၊ တက်ရောက်ဆွေးနွေးမည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးမှ ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်စားအဆုံးအဖြတ်ပေးနိုင်မည့် ခေါင်းဆောင်နှင့် အဖွဲ့ဝင် ၂ ဦး၏ အမည်စာရင်းကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထား၍ ပြန်ကြားပေးစေလိုကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တိုက်တွန်းနှိုးဆော် အသိပေးထုတ်ပြန်ထားပါသည်။

### အသိပေးကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ငြိမ်းချမ်းရေးဆွေးနွေးမှုနှင့် ပတ်သက်၍ အသိပေးထုတ်ပြန်ချက်**

**မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက် ၂၀၂၂ ခုနှစ် ၊ ဇွန်လ ၁၄ ရက်**

၁။ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးရရှိရန် ဦးတည်၍ ယခု ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး

ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း ဧပြီလ ၂၂ ရက်နေ့တွင် ငြိမ်းချမ်းရေးမိန့်ခွန်းတစ်ရပ်ပြောကြား၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ဥက္ကဋ္ဌ/ခေါင်းဆောင်ဦးစီး အဖွဲ့ဝင် ၂ ဦးဖြင့် ငြိမ်းချမ်းရေးအတွက် ရိုးသားပွင့်လင်းစွာ ဆွေးနွေးနိုင်ရေး ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအရ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၇ ဖွဲ့နှင့် လက်မှတ်ရေးထိုးရခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၃ ဖွဲ့ တို့က ပြည်ထောင်စုအကျိုး၊ ဒေသအကျိုးကို ဆောင်ရွက်လိုသည့် စိတ်ဆန္ဒများဖြင့် လာရောက်ဆွေးနွေးမည်ဖြစ်ကြောင်း အကြောင်းပြန်ခဲ့ကြသည်။

၃။ ယခုအချိန်အထိ ငြိမ်းချမ်းရေးလာရောက်ဆွေးနွေးမည့် အဖွဲ့ ၁၀ ဖွဲ့အနက် အဖွဲ့ ၆ ဖွဲ့ မှ ငြိမ်းချမ်းရေးကိုယ်စားလှယ်များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ပြည်သူလူထုဆန္ဒနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသခံများ၏ လူမှုစီးပွားဘဝမြင့်တင်ရေးနှင့် ဒေသတစ်ခုချင်းမှ အစပြု၍ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး စုပေါင်းနေထိုင်လျက်ရှိသည့် အမိပြည်ထောင်စုနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရိုးသားပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့ပြီး ငြိမ်းချမ်းရေးအတွက် အပြုသဘောဆောင်သည့်၊ ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုရလာဒ်များကို ဖော်ဆောင်နိုင်ခဲ့သည်။

၄။ ဆက်လက်၍တွေ့ဆုံဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့ ၄ ဖွဲ့နှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ ဆက်လက်တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး ထာဝရငြိမ်းချမ်းရေးရရှိရေးကို ဦးတည်အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်သည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမို ကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ခိုင်မြဲစွာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်သည်။

၆။ ယခုငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် တိုင်းပြည်၏ ပကတိအနေအထားနှင့်ကိုက်ညီပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တောင်းဆိုချက်များ၊ အမှန်တကယ် ဖြစ်နိုင်ဖွယ်ရှိသည်များ စသည်တို့ကို အသေးစိတ်အကြေအလည် ဆွေးနွေးအဖြေရှာဆောင်ရွက်သွားမည်ဖြစ်သည်။

၇။ သို့ဖြစ်ပါ၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ရောက်ရှိလာခြင်းမရှိသေးသည့် NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ ရေးထိုးရခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တိုင်းပြည်အကျိုး၊ ဒေသအကျိုးကို မြင်အောင်ကြည့်စေလို ပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်နိုင်ရန် ထပ်မံဖိတ်ခေါ်အပ်ပါသည်။ တက်ရောက်ဆွေးနွေးမည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးမှ ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်စားအဆုံးအဖြတ်ပေးနိုင်မည့် ခေါင်းဆောင်နှင့် အဖွဲ့ဝင် ၂ ဦး၏ အမည်စာရင်းကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထား၍ ပြန်ကြားပေးစေလိုကြောင်းနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံပြီး ငြိမ်းချမ်းသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ရန်အတွက် ပြည်ထောင်စုသားအားလုံး၏အကျိုးကို ရှေးရှု၍ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော် အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**(မြဝတီသတင်းစာ ၁၅-၆-၂၀၂၂)**

- **နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိရန်ဦးတည်၍ ယခု ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းရေးအတွက် ရိုးသားပွင့်လင်းစွာ ဆွေးနွေးနိုင်ရေး ဖိတ်ခေါ်ကမ်းလှမ်းခဲ့။**
- **ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ရောက်ရှိလာခြင်းမရှိသေးသည့် NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ ရေးထိုးရခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တိုင်းပြည်အကျိုး၊ ဒေသအကျိုးကို မြင်အောင်ကြည့်စေလိုပြီး ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်နိုင်ရန် ထပ်မံဖိတ်ခေါ်အပ်။**

- **တက်ရောက်ဆွေးနွေးမည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အသီးသီးမှ ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်စားအဆုံးအဖြတ်ပေးနိုင်မည့် ခေါင်းဆောင်နှင့် အဖွဲ့ဝင် ၂ ဦး၏ အမည်စာရင်းကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ နောက်ဆုံးထား၍ ပြန်ကြားပေးစေလို။**

## သတင်းပေးသူများကို ထိုက်တန်စွာချီးမြှင့်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

အကြမ်းဖက်အဖွဲ့အစည်းများ၏စေခိုင်းမှုဖြင့် PDF အဖွဲ့များသည် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများပျက်ပြားစေရန်အတွက် နိုင်ငံရေးနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိသည့် ရဟန်းသံဃာများ၊ နိုင်ငံ့ဝန်ထမ်းကောင်းများနှင့် ပြည်သူများအကြား အကြောက်တရားများဖြစ်ပေါ်စေရန် အကြမ်းဖက်လုပ်ရပ်အမျိုးမျိုးကို လုပ်ဆောင်လျက်ရှိရာ ၎င်းတို့နှင့်ပတ်သက်၍ သတင်းပေးနိုင်သူများအား ထိုက်တန်စွာဆုချီးမြှင့်ပြီး ထိရောက်သော အကာအကွယ်များ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ သတင်းထုတ်ပြန်ခဲ့ပါသည်။

### အသိပေးကြေညာချက်

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သော CRPH၊ NUG တို့က ဖွဲ့စည်းထားသော PDF အဖွဲ့များသည် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများပျက်ပြားစေရန်အတွက် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများကို အကြမ်းဖက်သတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများ မဖွင့်နိုင်စေရန်နှင့် ကျောင်းသူ၊ ကျောင်းသားများကျောင်းမတက်ရဲစေရန် ဆရာ၊ ဆရာမများကို သတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများ၌ ဗုံးထောင်ခြင်း၊ ဗုံးခွဲခြင်း၊ မီးရှို့ခြင်း ခြိမ်းခြောက်ခြင်းများပြုလုပ်ခြင်း၊ ပြည်သူလူထုအတွင်း အကြောက်တရားများဖြစ်ပေါ်စေရန် အေးချမ်းစွာနေထိုင်လိုသော ပြည်သူများကို သတ်ဖြတ်ခြင်းတို့ကို လုပ်ဆောင်သည်သာမက နိုင်ငံရေးနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိသည့် ရဟန်းသံဃာများကိုပါ ရက်ရက်စက်စက် သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ဗုဒ္ဓဘာသာသည် နိုင်ငံတော်၌ အများဆုံးကိုးကွယ်ရာ ဘာသာတစ်ခုဖြစ်သည့်အပြင် ကမ္ဘာ၌လည်း ဂုဏ်သိက္ခာမြင့်မားစွာဖြင့် တည်ရှိလျက်ရှိသော ဘာသာတရားဖြစ်ပါသည်။ ဗုဒ္ဓဘာသာကို အများဆုံးကိုးကွယ်ကြသည့်နိုင်ငံ၌ အကျင့်သီလပြည့်စုံစွာဖြင့် ကျင့်သုံးလျက်ရှိသည့် ရဟန်းတော်များကို သတ်ဖြတ်ခြင်းသည် နိုင်ငံနှင့်လူမျိုးအတွက် လွန်စွာအကျည်းတန်ရုပ်ဆိုးစေပါသည်။

သို့ဖြစ်၍ နိုင်ငံနှင့်လူမျိုးအတွက် လွန်စွာအကျည်းတန်ရုပ်ဆိုးစေသည့် ရဟန်းသံဃာတော်များအား သတ်ဖြတ်ခြင်းကဲ့သို့သောပြစ်မှုများကို ကျူးလွန်သူများအား ဖော်ထုတ်ပြီး ထိရောက်စွာ အရေးယူနိုင်ရန်အတွက် ပြည်သူအားလုံးက ပူးပေါင်းပါဝင်ကြရန်နှင့် ယင်းတို့နှင့်ပတ်သက်၍ သတင်းပေးနိုင်သူများအား ထိုက်တန်စွာဆုချီးမြှင့်ပြီး ထိရောက်သောအကာအကွယ်များ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

**(မြဝတီသတင်းစာ ၁၄-၆-၂၀၂၂)**

- **PDF အဖွဲ့များသည် နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန်အတွက် နိုင်ငံရေးနှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိသည့် ရဟန်းသံဃာများ၊ နိုင်ငံ့ဝန်ထမ်းကောင်းများနှင့် ပြည်သူများအကြား အကြောက်တရားများဖြစ်ပေါ်စေရန် အကြမ်းဖက်လုပ်ရပ်အမျိုးမျိုးကို လုပ်ဆောင်လျက်ရှိ။**
- **၎င်းတို့လုပ်ရပ်နှင့်ပတ်သက်၍ သတင်းပေးနိုင်သူများအား ထိုက်တန်စွာဆုချီးမြှင့်ပြီး ထိရောက်သော အကာအကွယ်များ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ သတင်းထုတ်ပြန်။**

# ဒေသတွင်းနှင့် နိုင်ငံတကာစာမျက်နှာများတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဇွန်လ ၁၄ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ ဗီနေးကူးမားကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသော စီမံကိန်းများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ များတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရေးကိစ္စရပ်များ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်နှင့် အာဆီယံနှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါမူများကို လေးစားလိုက်နာသွားရေးတို့နှင့်ဆက်စပ်လျှဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၆-၂၀၂၂)**

- **ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် လက်ခံတွေ့ဆုံရာ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရေးကိစ္စရပ်များနှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါမူများကို လေးစားလိုက်နာသွားရေးတို့နှင့်ဆက်စပ်လျှဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။**

# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့၏ ပဉ္စမအကြိမ်အစည်းအဝေးကျင်းပ

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ရောက်ရှိနေသည့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့၏ ပဉ္စမအကြိမ်အစည်းအဝေးကို ဇွန်လ ၁၄ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ နှစ်နိုင်ငံပူးတွဲလုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင်များတက်ရောက်ခဲ့ကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးအတွင်းဝန် မစ္စတာ မာစွတ်ဘင်မိုမမ် (Mr. Masud Bin Momen) တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

အစည်းအဝေးတွင်-

- နေရပ်စွန့်ခွာသူများကို လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စိစစ်ဆောင်ရွက်နေမှုနှင့် စိစစ်ပြီး နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရေးလုပ်ငန်းစတင်နိုင်ရန်အတွက် အစီအမံများ ပြင်ဆင်ဆောင်ရွက်နေမှုလုပ်ငန်းများ။






- ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်နေရာချထားရေးအစီအမံများ၊ ပြန်လည်ဝင်ရောက်လာမည့်သူများ မိမိဆန္ဒအလျောက် နေရပ်ပြန်စေရေးအတွက် ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းများ။
- ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရာတွင် နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်များနှင့်သာမက ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်လက်ခံနိုင်ရေးကိစ္စရပ်များကို နှစ်နိုင်ငံအကြား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့က ရခိုင်ပြည်နယ်၌ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ဆောင်ရွက်ထားရှိမှုများ၊ ပြန်လည်လက်ခံရေးစခန်းများ၊ ကြားစခန်းနှင့် နေရာချထားပေးမည့် ကျေးရွာများရှိ နေအိမ်များကို ပြန်လည်မွမ်းမံပြင်ဆင်နေမှုအခြေအနေများ၊ ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုပေးအပ်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ကောင်းမွန်သည့်ပတ်ဝန်းကျင်ဖန်တီးပေးရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်တွင် မိတ်ဖက်နိုင်ငံများ၊ အာဆီယံနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၆-၂၀၂၂)**

- **ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် ပူးတွဲလုပ်ငန်းအဖွဲ့၏ ပဉ္စမအကြိမ်အစည်းအဝေးကို ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပပြုလုပ်ခဲ့။**
- **နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရာတွင် ပြန်လည်နေရာချထားရေး အစီအမံများ၊ ပြန်လည်ဝင်ရောက်လာမည့်သူများ မိမိဆန္ဒအလျောက် နေရပ်ပြန်စေရေးအတွက် ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းများကို နှစ်နိုင်ငံအကြား အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။**
- **မြန်မာကိုယ်စားလှယ်အဖွဲ့က ပြန်လည်ဝင်ရောက်လာမည့်သူများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုပေးအပ်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးခဲ့။**

## ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ (၃၄) ကြိမ်မြောက် အရှေ့အာရှနှင့် ပစိဖိတ်ကော်မရှင်နှင့် တောင်အာရှကော်မရှင်ပူးတွဲအစည်းအဝေးကျင်းပ

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ (၃၄) ကြိမ်မြောက် အရှေ့အာရှပစိဖိတ်ဒေသများနှင့် တောင်အာရှဒေသများအတွက် ပူးတွဲကော်မရှင်အစည်းအဝေးကို ဇွန်လ ၁၄ ရက်တွင် မော်လ်ဒိုက်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင် ဦးဆောင်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံများက အွန်လိုင်းမှ တက်ရောက်ခဲ့ပါသည်။






အစည်းဝေးဖွင့်ပွဲအခမ်းအနားတွင် မော်လ်ဒိုက်နိုင်ငံ ခရီးသွားဝန်ကြီး Dr.Abdulla Mausoom နှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ် Mr.Zurab Pololikashvili တို့က အဖွင့်အမှာစကားများပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက-

- ခရီးသွားများ၏ ယုံကြည်မှုတည်ဆောက်နိုင်ရန် ဟိုတယ်များနှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများအတွက် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံစိတ်ချရမှုအတွက် Enchanting Myanmar Health and Safety Protocols-HSP အသိအမှတ်ပြုလက်မှတ်များကို တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် စသည်ဖြင့် ပေးအပ်ဆောင်ရွက်လျက်ရှိကြောင်း။
- ခရီးသွားလုပ်ငန်းတွင် အားလုံးပါဝင်ဆောင်ရွက်နိုင်ရန်အတွက် အပဟန့်အတားမဲ့ခရီး သွားလုပ်ငန်းစီမံချက် ၂၀၂၂-၂၀၂၅ ကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း။
- ပြည်တွင်းပြည်ပလေကြောင်းခရီးစဉ်များ ပြန်လည်ဖွင့်လှစ်ခြင်း၊ ပြည်ဝင်ခွင့်ဗီဇာများကို ပြန်လည်ခွင့်ပြုပေးခြင်းတို့ကြောင့် ပြည်ပခရီးသည်များကို ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သွားလာနေထိုင်ခွင့်ပြုထားကြောင်း ပြောကြားခဲ့။

အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများ၊ ပြန်လည်ပြင်ဆင်ဖွဲ့စည်းမှုများနှင့် အနာဂတ်တွင် ဆောင်ရွက်မည့်အမြင်သဘောထားများကို ဆွေးနွေးခြင်း၊ ခရီးသွားလုပ်ငန်းပြန်လည်စတင်နိုင်ရေးနှင့် ဦးမော့လာစေရေးအတွက် မူဝါဒချမှတ် ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ နိုင်ငံအလိုက် ဆွေးနွေးပြောကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၆-၂၀၂၂)**

- **ဟိုတယ်များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများအတွက် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံစိတ်ချရမှုအတွက် HSP အသိအမှတ်ပြုလက်မှတ်များကို တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် စသည်ဖြင့် ပေးအပ်ဆောင်ရွက်လျက်ရှိ။**
- **ခရီးသွားလုပ်ငန်းတွင် အားလုံးပါဝင်ဆောင်ရွက်နိုင်ရန်အတွက် အပဟန့်အတားမဲ့ခရီး သွားလုပ်ငန်းစီမံချက် ၂၀၂၂-၂၀၂၅ ကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိ။**
- **ပြည်တွင်းပြည်ပလေကြောင်းခရီးစဉ်များ ပြန်လည်ဖွင့်လှစ်ခြင်း၊ ပြည်ဝင်ခွင့်ဗီဇာများကို ပြန်လည်ခွင့်ပြုပေးခြင်းတို့ကြောင့် ပြည်ပခရီးသည်များကို ကိုဗစ်-၁၉ စည်းမျဉ်း စည်းကမ်းများနှင့်အညီ သွားလာနေထိုင်ခွင့်ပြုထား။**

# ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်



**မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့၌ PDF အဖွဲ့ဝင်များအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား ကျင်းပနေမှု**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့သော်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားများကို ကျင်းပခဲ့ရာ-

- ဇွန်လ ၁၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၌ အမျိုးသား ၃ ဦးနှင့် အမျိုးသမီး ၄ ဦး၊ စုစုပေါင်း ၇ ဦးအားလည်းကောင်း၊
- ဇွန်လ ၁၃ ရက်တွင် မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့၌ အမျိုးသား ၉ ဦးအား လည်းကောင်း၊
- ဇွန်လ ၁၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နှင့် ကျုံပျော်မြို့၌ အမျိုးသား ၁ ဦးနှင့် အမျိုးသမီး ၁ ဦးတို့အားလည်းကောင်း ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ တာဝန်ရှိသူများက ထောက်ပံ့ငွေများ အသီးသီးပေးအပ်ကာ ၎င်းတို့၏ အုပ်ထိန်းသူမိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံခဲ့ပါသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဟု အသိပေးထုတ်ပြန်ထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၆-၂၀၂၂)**

- **ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့သော်လည်း ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင် ၁၈ ဦးတို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ တာဝန်ရှိသူများက ထောက်ပံ့ငွေများ အသီးသီးပေးအပ်ကာ ၎င်းတို့၏ အုပ်ထိန်းသူမိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံခဲ့။**

## ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



ရောဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်



ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်





မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်





မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်

# PDF အကြမ်းဖက်သမားများက ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး



**ချောင်းဦးမြို့နယ်၊ ချောင်းဦးအခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ PDF အကြမ်းဖက်သမားများ လက်လုပ်မိုင်း ၃ လုံး ထောင်ထားသည့် နေရာပြပုံ**

အဖျက်အမှောင့်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်နေကြသည့် PDF အကြမ်းဖက်သမားများသည် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအပေါ် ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ခြိမ်းခြောက်စာများရေးသားခြင်းများအပြင် ကျောင်းသုံးပုံနှိပ်စာအုပ်များကို မီးရှို့ဖျက်ဆီးခြင်း၊ ဖြန့်ဝေမှုကို တားဆီးနှောင့်ယှက်ခြင်းများဖြင့် အစိုးရ၏ဆောင်ရွက်ချက်များကို ဖျက်လိုဖျက်ဆီးစိတ်ဓာတ်ဖြင့် အောက်ပါအတိုင်း လုပ်ဆောင်လျက်ရှိပါသည်-

- ဇွန်လ ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ချောင်းဦးမြို့မရပ်ကွက်၊ မုံရွာ-မန္တလေးသွားကားလမ်းဘေးရှိ ချောင်းဦးအခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ မသင်္ကာဖွယ်အထုပ် ၃ ထုပ် တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးခဲ့ရာ သံပိုက်ဖြင့်ပြုလုပ်ထားသော လက်လုပ်မိုင်း ၃ လုံးအား တွေ့ရှိဖယ်ရှားရှင်းလင်းခဲ့။
- ဇွန်လ ၁၂ ရက်တွင် မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အောင်သပြေကျေးရွာရှိ တောင်ဇွန်းအခြေခံပညာအထက်တန်းကျောင်းခွဲ၌လည်းကောင်း၊ သံဖြူဇရပ်မြို့နယ်၊ အေးကမ္ဘာကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းရှေ့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ တံခွန်တိုင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း ခြိမ်းခြောက်စာများ ပေးပို့ခဲ့။
- စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကျောက္ကာကျေးရွာအတွင်းသို့ PDF အကြမ်းဖက်အဖွဲ့အင်အား ၂၀ ဦးခန့်ဝင်ရောက်လာပြီး သေနတ်များပစ်ဖောက်ကာ ခြိမ်းခြောက်ပြောဆို၍ ကျောက္ကာအခြေခံပညာအလယ်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာကြီး၏ နေအိမ်ပေါ်သို့တက်ရောက်ရှာဖွေကာ နေအိမ်ခြံစည်းရိုးတွင် ခြိမ်းခြောက်စာ ၁ စောင်ကပ်သွားခဲ့။
- စစ်ကိုင်းမြို့ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါ်မြတ်မြတ်သော် ကိုင်ဆောင်သည့် လက်ကိုင်ဖုန်းသို့ PDF အကြမ်းဖက်သမားက **"စစ်ကိုင်း PDF ထံသို့ အလှူငွေ (၅) သိန်းပေးသွင်းရန်၊ ဝန်ထမ်းများအားလုံး CDM ပြုလုပ်ရန်၊ အလှူငွေမထည့်တဲ့ ဝန်ထမ်းအားလုံး ၎င်းတို့အဖွဲ့မှ စောင့်ကြည့်ရှင်းလင်းပစ်မည်"** ဟု Message များဖြင့် ပေးပို့ခြိမ်းခြောက်ခဲ့။
- တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ပန်းတင်အင်းကျေးရွာအတွင်းသို့ PDF အကြမ်းဖက်သမားများက လက်နက်ငယ်များကိုင်ဆောင် ဝင်ရောက်လာပြီး အဆိုပါကျေးရွာနေ ထားဝယ်တက္ကသိုလ်၊ မြန်မာစာဌာနမှ ကထိကဖြစ်သူ ဒေါက်တာဝင်းမိုလ်(၄၃)နှစ်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကွက်/ကျေးရွာစာရေးဖြစ်သူ ဒေါ်မြတ်မြတ်မိုး (၄၅) နှစ်တို့အား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ၎င်းတို့တွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့။




**ရေးမြို့နယ်၊ အထက(တောင်စွန်း)၌ အကြမ်းဖက်သမားများ ကပ်ထားသည့် ဆရာ/ဆရာမများအား ခြိမ်းခြောက်ထားသည့်စာ**

- ဇွန်လ ၁၃ ရက်တွင် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကျိုက်ဒုံကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း ကျောင်းတက်ရောက်နေသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတက်ရောက်ခြင်းမပြုရန် ဟန့်တားထားသည့် ခြိမ်းခြောက်စာများကို PDF အကြမ်းဖက်သမားများက ခြိမ်းခြောက်ပေးပို့ခဲ့။
- မကွေးတိုင်းဒေသကြီး၊ သရက်မြို့ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ကျောင်းဆောင်အုတ်နံရံများ၌ အကြမ်းဖက်သမားများက **"CDM မလုပ်တဲ့ ဆရာ/မများ၊ အသေဆိုးနဲ့သေပါစေ၊ စစ်ကျွန်ပညာရေးအားမပေး"၊ "ကျောင်းတက်နေတဲ့ ကျောင်းသားတွေ သေတဲ့သူတွေ အားနာပါဦး"** ဟူသော ဆန့်ကျင်ခြိမ်းခြောက်စာများအား အနက်ရောင်၊ အနီရောင် မှတ်ဆေးများဖြင့် ရေးသားထားသည်ကို တွေ့ရှိခဲ့။
- ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ကျွန်းတောကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကလေးသူငယ်များအား ပညာသင်ကြားပေးလျက်ရှိသည့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိထွေးအပါအဝင် ကျောင်းဆရာတစ်ဦး၊ ဆရာမ ၄ ဦးတို့အား PDF အကြမ်းဖက်သမားများက မိုးစစ်ကျေးရွာသို့ ဖမ်းဆီးခေါ်ဆောင်သွားပြီး ဆရာ၊ ဆရာမများအား **"ကလေးသူငယ်များကို ဆက်လက်၍ ပညာသင်ကြားခြင်း မပြုရန်နှင့် CDM ပြုလုပ်သွားရန်"** ပြောဆိုခြိမ်းခြောက်ကာ ပြန်လည်စေလွှတ်ပေးခဲ့။

အထက်ပါဖြစ်စဉ်များမှ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန်နှင့် စာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားခြင်းမပြုနိုင်စေရန် ရည်ရွယ်၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများပြုလုပ်ခဲ့သည့် နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်များအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၆-၂၀၂၂)**

- **အနာဂတ်မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးနောက်ကျကျန်မှု မဖြစ်စေရေးအတွက် အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက မြို့နယ်အချို့ရှိ စာသင်ကျောင်းများနှင့် ဆရာ၊ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်မှုများ လုပ်ဆောင်လျက်ရှိ။**
- **PDF အကြမ်းဖက်သမားများက ထားဝယ်တက္ကသိုလ်၊ မြန်မာစာဌာနမှ ကထိကဖြစ်သူ ဒေါက်တာဝင်းမိုလ် (၄၃) နှစ်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကွက်/ ကျေးရွာစာရေးဖြစ်သူ ဒေါ်မြတ်မြတ်မိုး (၄၅) နှစ်တို့အား အကြောင်းမဲ့ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် ၎င်းတို့တွင် ကျည်ထိမှန်ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့။**






မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အခြေခံပညာမူလတန်းကျောင်း၌ ဆရာ/ဆရာမများအား ခြိမ်းခြောက်စာ ကပ်ထားမှု









သရက်မြို့ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းဆောင်အုတ်နံရံများ၌ အကြမ်းဖက်သမားများက ဆန့်ကျင်ခြိမ်းခြောက်စာများ ရေးသားထားသည့် မှတ်တမ်းဓာတ်ပုံ



**တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၌ PDF အကြမ်းဖက်သမားများက သတ်ဖြတ်ခဲ့သည့် ထားဝယ်တက္ကသိုလ်၊ မြန်မာစာဌာနမှ ကထိကဖြစ်သူ ဒေါက်တာဝင်းမိုလ်(၄၃)နှစ်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကွက်/ကျေးရွာစာရေးဖြစ်သူ ဒေါ်မြတ်မြတ်မိုး (၄၅) နှစ်**

## မြို့နယ်အချို့၌ အကြမ်းဖက်သမားများက ခရီးသည်တင်ယာဉ်များအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း၊ ကုန်တင်ယာဉ်နှင့် ယာဉ်ပေါ်ပါကုန်ပစ္စည်းများအား လုယက်ယူဆောင်ခြင်းများပြုလုပ်

မြို့နယ်အချို့၌ PDF အကြမ်းဖက်သမားများက ခရီးသည်တင်ယာဉ်များအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း၊ ကုန်တင်ယာဉ်နှင့် ယာဉ်ပေါ်ပါကုန်ပစ္စည်းများအား လုယက်ယူဆောင်ခြင်းများ ပြုလုပ်လျက်ရှိရာ–

- ဇွန်လ ၁၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ပိတောက်ကြီးကျေးရွာ ဘောလုံးကွင်းအနီး၌ PDF အကြမ်းဖက်သမားများက ထားဝယ်–မြိတ် ကားလမ်းအတိုင်း မောင်းနှင်လာသည့် ကုန်တင်ယာဉ် ၁ စီးအား တားဆီးကာ ကုန်တင်ယာဉ်နှင့် ယာဉ်ပေါ်ပါပစ္စည်းများအား လုယက်ယူဆောင်သွားခဲ့။
- ဇွန်လ ၁၁ ရက်တွင် "ကံရာမင်း" ခရီးသည်တင်ယာဉ်သည် မုံရွာမြို့ဘက်မှ ရွှေဘိုမြို့ဘက်သို့ ထွက်ခွာလာစဉ် မုံရွာ–အရာတော်–ရွှေဘို ကားလမ်း၊ မိုင်တိုင်အမှတ် ၂၂ မိုင်၌ PDF အကြမ်းဖက်သမားများက လက်လုပ်မိုင်း ၅ လုံးဖြင့် မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ အဆိုပါပေါက်ကွဲမှုကြောင့် ယာဉ်၏ ကိုယ်ထည် ယာဘက်ခြမ်းရှိ ပြတင်းပေါက်မှန်များ၊ အရှေ့ယာဘက်ခြမ်း လေကာမှန်နှင့် ယာဉ်နောက်ဘီးအထက် ကိုယ်ထည်တို့တွင် မိုင်းစထိမှန်ပျက်စီးခဲ့။

PDF အကြမ်းဖက်သမားများက စစ်ရေးနှင့်မသက်ဆိုင်သည့် အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးခြင်း၊ ရက်စက်စွာသတ်ဖြတ်ခြင်းများအပြင် ပြည်သူများ၏ ကိုယ်ပိုင်အကျိုးစီးပွားယာဉ်များကိုပါ အကြောင်းမဲ့ ဖောက်ခွဲတိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ၏အသက်အန္တရာယ် ထိခိုက်သေကြေနိုင်သည်အထိ အကြမ်းဖက်မှုများအား ကျူးလွန်လျက်ရှိပါသည်။ ၎င်းတို့လုပ်ရပ်များအား ပြည်သူများက ပြစ်တင်ရှုတ်ချလျက်ရှိသည့်အပြင် ၎င်းတို့၏အကြမ်းဖက်လုပ်ရပ်များကိုလည်း ဝိုင်းဝန်းဆန့်ကျင်ကြရန် လိုလားလျက်ရှိပါသည်။

ထိုကဲ့သို့ ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များအား အကြမ်းဖက်တိုက်ခိုက်လုယက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၃–၆–၂၀၂၂)**

- **PDF အကြမ်းဖက်သမားများက ထားဝယ်–မြိတ် ကားလမ်းအတိုင်း မောင်းနှင်လာသည့် ကုန်တင်ယာဉ် ၁ စီးအား တားဆီးကာ ကုန်တင်ယာဉ်နှင့် ယာဉ်ပေါ်ပါပစ္စည်းများအား လုယက်ယူဆောင်သွားခဲ့။**
- **"ကံရာမင်း" ခရီးသည်တင်ယာဉ်သည် PDF အကြမ်းဖက်သမားများ၏ လက်လုပ်မိုင်းများဖြင့် တိုက်ခိုက်ခဲ့ရာ ယာဉ်၏ ကိုယ်ထည် ယာဘက်ခြမ်းရှိ ပြတင်းပေါက်မှန်များ၊ အရှေ့ယာဘက်ခြမ်း လေကာမှန်နှင့် ယာဉ်နောက်ဘီးအထက် ကိုယ်ထည်တို့တွင် မိုင်းစထိမှန်ပျက်စီးခဲ့။**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ-

- ဇွန်လ ၈ ရက်မှ ၁၄ ရက်ထိ နေပြည်တော်ကောင်စီနယ်မြေ၌ ၂ ဦး၊ ရန်ကုန်တိုင်း ဒေသကြီး၌ ၂ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၇ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၂ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၇ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၁ ဦး၊ မွန်ပြည်နယ်၌ ၁ ဦး၊ ရှမ်းပြည်နယ်၌ ၂ ဦးနှင့် ချင်းပြည်နယ်၌ ၂ ဦး စုစုပေါင်း ၂၈ ဦးတို့ကို ဖမ်းဆီးရမိခဲ့။
- ဇန်နဝါရီလ ၂၇ ရက်မှ ဇွန်လ ၁၄ ရက်ထိ စုစုပေါင်း ၅၇၈ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။

ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၅-၆-၂၀၂၂)**

- **ဇွန်လ ၈ ရက်မှ ၁၄ ရက်ထိ နေပြည်တော်ကောင်စီနယ်မြေ၌ ၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ၂ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၇ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၂ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၇ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၁ ဦး၊ မွန်ပြည်နယ်၌ ၁ ဦး၊ ရှမ်းပြည်နယ်၌ ၂ ဦးနှင့် ချင်းပြည်နယ်၌ ၂ ဦး စုစုပေါင်း ၂၈ ဦး တို့ကို ဖမ်းဆီးရမိခဲ့။**
- **ဇန်နဝါရီလ ၂၇ ရက်မှ ဇွန်လ ၁၄ ရက်ထိ စုစုပေါင်း ၅၇၈ ဦးအား ဥပဒေနှင့်အညီ အရေးယူထားရှိ။**

## ၂၀၂၂ ခုနှစ်၊ မေလအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုများ

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါး နှိမ်နင်းရေးတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ မူးယစ်ဆေးဝါးဖမ်းဆီးမှုများအား အလေးထားဆောင်ရွက်လျက်ရှိရာ ၂၀၂၂ ခုနှစ်၊ မေလအတွင်း အောက်ပါအတိုင်း ဖမ်းဆီးရမိခဲ့ပါသည်-

- မေလ ၁ ရက်မှ ၃၁ ရက်အတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ဘိန်း ၃၇.၅၄၅ ကီလို၊ ဘိန်းဖြူ ၁၇၅.၁၁၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၈,၁၄၃,၄၇၂ ပြား၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေ ၀.၂၅၅ ကီလို၊ အိုက်စ် ၄၆၁.၀၅၇ ကီလို၊ ဆေးခြောက် ၉၃.၉၃ ကီလို၊ ဘိန်းဆီခဲ ၁၀.၆ ကီလို၊ ဘိန်းစာရွက် ၁၀၉.၀၀၆ ကီလို၊ ဘိန်းစာ မှုန့် ၁၉.၇၆၁ ကီလို၊ ဘိန်းစာရည် ၁.၂၅ လီတာ၊ ဘိန်းဆီရည် ၁ လီတာ၊ အက်တက်စီဆေးပြား ၇,၆၆၅ ပြား၊ ကတ်တမင်း ၂၁၂.၁၇၆ ကီလို၊ ချောင်းဆိုးပျောက်ဆေးရည် ၂ ပုလင်း၊ ဆာလဖျူရစ်အက်စစ် ၄,၆၀၀ လီတာ၊ အမိုနီယမ်နိုက်ထရိတ် ၂၇,၆၀၀ ကီလို၊ Potassium Permanganate ၁,၂၅၀ ကီလို၊ Sodium Ethoxide ၈,၆၀၀ ကီလို၊ ဓာတုဆေးရည်(အမှုန့်၊ အခဲ၊ အနှစ်) ၀.၅၀၅ ကီလိုနှင့် အနံ့ဆေးရည် ၂၆.၅ လီတာ စုစုပေါင်းတန်ဖိုးငွေကျပ်သန်းပေါင်း ၃၉,၈၆၁.၂၂၆၀၄ (US$ ၂၄. ၉၁၃ သန်းကျော်) တန်ဖိုးရှိမူးယစ်ဆေးဝါးများ ဖမ်းဆီးနိုင်ခဲ့ပြီး တရားခံအမျိုးသား ၆၈၅ ဦး၊ အမျိုးသမီး ၁၁၇ ဦး၊ စုစုပေါင်းတရားခံ ၈၀၂ ဦး ဖမ်းဆီးရမိခဲ့ပါသည်။

အထက်ပါဖမ်းဆီးရမိသည့် တရားခံများအား သက်ဆိုင်ရာရဲစခန်းများသို့ လွှဲပြောင်းပေးခဲ့ကာ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့များပူးပေါင်း၍ မူးယစ်ဆေးဝါးကင်းစင်ရေးအတွက် ဆက်လက်ဖော်ထုတ်ဖမ်းဆီးလျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၅-၆-၂၀၂၂)**

## ၂၀၂၂ ခုနှစ်၊ မေလအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့တွင် ငွေကျပ် ၁ ဒသမ ၂၇၅ ဘီလီယံတန်ဖိုးရှိ ကက်တမင်း ၁၅၀ ကီလို ဖမ်းဆီးရမိမှု



မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၈၂၅၀ တန်ဖိုးရှိ ဘိန်းဖြူ ၃၃ ကီလိုနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိမှု



ကရင်ပြည်နယ်၊ ဘားအံမြို့နယ်တွင် ငွေကျပ် ၅ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိမှု



ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်တွင် ငွေကျပ် ၅ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၅၀ ဖမ်းဆီးရမိမှု



နောင်ချိုမြို့နယ်တွင် ငွေကျပ်သိန်း ၆၆၀၀ တန်ဖိုးရှိ ဘိန်းဖြူ ၄၄ ကီလို ဖမ်းဆီးရမိမှု



ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်တွင် ငွေကျပ် ၁ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိမှု

- မေလအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးနှိမ်နှင်းရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ မူးယစ်ဆေးဝါးဖမ်းဆီးခြင်းများ ဆောင်ရွက်ခဲ့ရာ စုစုပေါင်းတန်ဖိုးငွေကျပ် သန်းပေါင်း ၃၉,၈၆၁.၂၂၆၀၄ (US$ ၂၄.၉၁၃ သန်းကျော်) တန်ဖိုးရှိမူးယစ်ဆေးဝါးများနှင့်အတူ တရားခံ ၈၀၂ ဦးအား ဖမ်းဆီးရမိခဲ့။

# ၂၀၂၂ ခုနှစ်၊ မေလအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံများ



ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကာလတန်ဖိုးငွေကျပ် ၂၂၃.၂ သိန်းရှိ မူဆယ်မြို့တွင် ဘိန်းဖြူအလေးချိန် ၂.၂၃၂ ကီလို ဖမ်းဆီးရရှိမှု



ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်တွင် မလေးရှား နိုင်ငံသို့ ပို့ဆောင်မည့် ငွေကျပ် ၆ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း)များ ဖမ်းဆီးရမိမှု



ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့တွင် ငွေကျပ်သိန်း ၁၆၂၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိမှု



ကွန်ဟိန်းမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀၀ ကျော်တန်ဖိုးရှိ ကတ်တမင်းများ ဖမ်းဆီးရမိမှု



ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့တွင် ငွေကျပ် ၂၁၀၀ သိန်းကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိမှု



မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်တွင် ငွေကျပ် ၁၀၉၂.၅ သိန်းတန်ဖိုးရှိ ဘိန်းဖြူများ ဖမ်းဆီးရမိမှု